
www.kidsofdestiny.org
Kids of Destiny®

# သူငယ်တော်ယေရှု

## ရှင်လုကာ ၂

ယေရှုမွေးဖွားခြင်းနဲ့ပတ်သက်တဲ့အကြောင်းကို သင် ကြားဖူးပြီးဖြစ်ပါလိမ့်မယ်။ မာရိဆိုတဲ့မိန်းကလေးဆီကို ကောင်းကင်တမန်က လာပြီး၊ သူမဟာ ဘုရားသခင်ရဲ့သားတော်ကို ပဋိသန္ဓေယူမွေးရမယ်လို့ ပြောတယ်။ သူမနဲ့ခင်ပွန်းသည်ယောသပ်တို့ဟာ ယေရှု မွေးဖွားမယ့် ဗက်လင်မြို့ကို သွားခဲ့ကြတယ်။

အဲဒီအကြောင်းကို ဟေရုဒ်မင်းကြီး ကြားခဲ့တယ်။ ဘုရင်အသစ်တစ်ပါးပေါ်ထွက်လာမှာ ကြောက်တဲ့အတွက် ယေရှုကိုသတ်ပစ်ဖို့ သူဆန္ဒရှိခဲ့တယ်။ ဒါပေမယ့် ယောသပ်ကို သူ့မိသားစုနဲ့အတူ အီဂျစ်ပြည်မှာသွားရှောင်နေဖို့ အိပ်မက်အားဖြင့် ဘုရားသခင်က စကား ပြောခဲ့တယ်။ အဲဒီနေရာမှာ သူတို့တွေအတွက် လုံခြုံလို့ဖြစ်တယ်။

အချိန်တချို့ကုန်လွန်သွားပြီးနောက် ဟေရုဒ်မင်းလည်း သေသွားတယ်။ မိသားစုနဲ့အတူ နာဇရက်မြို့မှာ သွားနေကြဖို့ ယောသပ်ကို ကောင်းကင်တမန်က လာပြောတယ်။ အဲဒီနေရာမှာ ယေရှုကြီးပြင်းခဲ့တယ်။ သူဟာ အစဉ်တိုင်းကြီးထွားပြီး၊ သူ့စိတ်ဝိညာဉ်မှာ ပညာနဲ့ ပြည့်စုံလာတယ်။ သူနဲ့အတူ ဘုရားသခင်အတူရှိတယ်။

ပသခါပွဲမှာပါဝင်ဖို့ ယေရှုရဲ့မိဘများဟာ ယေရုရှလင်မြို့ကို နှစ်တိုင်းသွားကြတယ်။ ဟေဗြဲလူမျိုးတွေ ဆိုးညစ်တဲ့အီဂျစ်ဘုရင်ရဲ့ လက်အောက်ကနေ၊ သူတို့ကိုဘုရားသခင်ကတိပေးထားတဲ့မြေကိုသူတို့တွေဆီ ကယ်တင်ခြင်းခံရပြီး ထွက်ခွါလာတဲ့နေ့ကို သတိရ အောက်မေ့သောအားဖြင့် ကျင်းပတဲ့ပွဲဖြစ်တယ်။ နှစ်စဉ်နှစ်တိုင်း ဒီလိုထူးခြားတဲ့နေ့ရက်မှာ လူပေါင်းများစွာဟာ ယေရုရှလင်မြို့ကို သွားပြီး ပွဲကျင်းပကြပါတယ်။

ယေရှု သက်တော်ဆယ့်နှစ်နှစ်အရွယ်မှာ ပသခါပွဲမှာပါဝင်ဖို့ သူ့မိဘတွေနဲ့အတူ ယေရုရှလင်မြို့ကို သွားခဲ့တယ်။ လမ်းခရီးဟာ လမ်းလျှောက်ခရီးမို့ ရက်အနည်းငယ်ကြာပါတယ်။ သူတို့ဟာ လူများစွာနဲ့အတူ ခရီးသွားခဲ့ကြတယ်။ ခရီးကဝေးပေမယ့် ပျော်စရာ ကောင်းတဲ့ခရီးစဉ်တစ်ခုဖြစ်ခဲ့တယ်။

ပွဲတော်နေ့ဟာ လူတိုင်းအတွက် ပျော်စရာကောင်းတဲ့နေ့ ဖြစ်ခဲ့တယ်။ သူတို့တွေ အိမ်ပြန်ချိန်ရောက်တဲ့အခါ ယေရှုဟာ ယေရုရှလင်မြို့ မှာ ကျန်ရစ်နေခဲ့တယ်။ ခရီးစထွက်တဲ့အချိန်မှာ မာရိနဲ့ယောသပ်ဟာ စိုးရိမ်စိတ်မရှိခဲ့ကြဘူး။ လူများစွာ ခရီးအတူသွားကြတာမို့ ယေရှု ဟာလည်း သူ့သူငယ်ချင်းတွေ၊ အမျိုးတွေနဲ့အတူရှိနေလိမ့်မယ်လို့ သူတို့ထင်ခဲ့တယ်။ ဒါပေမယ့် တစ်ရက်ကျော်ခရီးထွက်လာပြီးတဲ့ အခါသူ့ကို သူတို့တွေ စတင်လိုက်ရှာကြတော့တယ်။ သူ့သူငယ်ချင်းတွေကို မေးကြပေမယ့် သူတို့ကလည်းမတွေ့ကြဘူးတဲ့။ ယေရှုကို ရှာဖို့အတွက် ယေရုရှလင်မြို့ကို သူတို့ပြန်သွားကြတယ်။

ယောသပ်နဲ့မာရိဟာ ယေရုရှလင်တမြို့လုံးနှံ့အောင် ယေရှုကို ရှာကြတယ်။ သူတို့တွေ အရမ်းစိုးရိမ်နေကြမှာပဲ။ ဒါပေမယ့် နောက်ဆုံး တော့ သုံးရက်မြောက်နေ့မှာ သူ့ကိုသူတို့တွေ့သွားကြတယ်။ ဆရာတွေနဲ့အတူယေရှုဟာ ဗိမာန်တော်ထဲမှာ ထိုင်နေတယ်။ သူတို့ကို မေးခွန်းတွေမေးပြီး၊ သူတို့စကားကို နားထောင်နေတယ်။ ယေရှုရဲ့ဉာဏ်ပညာနဲ့ သူမေးတဲ့မေးခွန်းတွေကို ကြားတဲ့ဆရာတွေဟာ အရမ်းအံ့သြခဲ့ကြတယ်။

ယေရှုကို ဗိမာန်တော်ထဲမှာပြန်တွေ့ရလို့ မာရိနဲ့ယောသပ်ဟာလည်း အံ့သြခဲ့ကြတယ်။ “သား၊ ငါတို့ကိုဘာလို့ ဒီလိုလုပ်ရတာလဲ? ငါတို့တွေက မင်းကိုစိုးရိမ်လို့ နေရာအနှံ့ မင်းကိုရှာနေတာ” လို့ မာရိက ယေရှုကိုပြောတယ်။ “ငါ့ကို ဘာလို့လိုက်ရှာကြလဲ? ငါ့အဖရဲ့ အိမ်တော်မှာ ငါရှိနေတာမသိကြဘူးလား?” လို့ သူတို့ကို ယေရှုက ပြန်ပြောတယ်။ ယေရှု ပြောတဲ့အဓိပ္ပါယ်ကို မာရိနဲ့ယောသပ် က နားမလည်ကြဘူး။ ယေရှုဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်ကြောင်း သူတို့က မစဉ်းစားမိကြဘူး။

ယေရှုဟာ မာရိနဲ့ယောသပ်တို့နဲ့အတူ နာဇရက်မြို့ကိုပြန်လာကြပြီး၊ သူတို့စကားကိုနားထောင်ကာ နေထိုင်ခဲ့တယ်။ ဖြစ်ပျက်တွေ့ကြုံ သမျှအရာအားလုံးကို မာရိဟာ သူ့နှလုံးသားထဲမှာ မှတ်ထားခဲ့တယ်။ ယေရှုဟာ ကိုယ်ကာယနဲ့စိတ်ဝိညာဉ် အစဉ်အတိုင်းကြီးထွား လာခဲ့တယ်။ ဘုရားသခင်ရှေ့နဲ့ လူတွေရှေ့မှာ ကောင်းချီးမျက်နှာသာရသူဖြစ်တယ်။

## သူငယ်တော်ယေရှု - ဆရာလမ်းညွှန်

### အဓိကအချက်များ

၁) ယေရှုဟာ မာရိနဲ့ယောသပ်တို့နဲ့အတူ နာဇရက်မြို့မှာ ကြီးပြင်းလာခဲ့တယ်။

၂) နှစ်တိုင်း ယေရုရှလင်မြို့မှာ ပသခါပွဲကျင်းပကြတယ်။ ပွဲတော်မှာပါဝင်ကြဖို့အတွက် လူများစွာဟာ ယေရုရှလင်မြို့ကို ရက်ပေါင်းများစွာ ခြေလျင်ခရီးနဲ့သွားကြရတယ်။ မာရိ၊ ယောသပ်နဲ့ယေရှုတို့ဟာလည်း ပသခါပွဲမှာပါဝင်ဖို့ ခရီးသွားခဲ့ ကြတယ်။

၃) ပွဲတော်ပြီးသွားတဲ့အခါ၊ လူတွေဟာ သူတို့ရဲ့မြို့အသီးသီးကို ခြေလျင်ခရီးနဲ့ပြန်ကြတယ်။ တစ်ရက်ခရီးသွားကြပြီးမှ ယေရှုဟာ သူ့သူငယ်ချင်းတွေ၊ ဆွေမျိုးတွေနဲ့အတူမရှိကြောင်း မာရိနဲ့ယောသပ် သတိထားမိကြတယ်။ သူ့ကိုရှာဖို့ ယေရုရှလင်မြို့ကို သူတို့ပြန်လှည့် ကြတယ်။

၄) ဆရာတွေကို မေးခွန်းတွေမေးပြီး၊ နားထောင်နေတဲ့ယေရှုကို ဗိမာန်တော်ထဲမှာ သူတို့တွေ့ကြတယ်။ ယေရှု ဘယ်လောက်ထိ သိနားလည်တယ်ဆိုတာကို ဆရာတွေက အံ့သြကြတယ်။ မာရိနဲ့ယောသပ်တို့ဟာလည်း အံ့သြခဲ့ကြပြီး၊ သူတို့စိုးရိမ်အောင် ယေရုရှလင်မြို့မှာ ဘာ့ကြောင့်ယေရှုနေရစ်ခဲ့သလဲဆိုတာ မေးကြတယ်။

၅) သူ့အဖရဲ့အိမ်တော်မှာနေခဲ့တာဖြစ်ကြောင်း ယေရှုပြန်ဖြေခဲ့တယ်။ ဒါပေမယ့် ယေရှုဟာ နာခံခြင်းရှိနေခဲ့တယ်။ သူတို့နဲ့အတူ နာဇရက်မြို့ကို ပြန်လာခဲ့ကြတယ်။ ဘုရားသခင်ရဲ့ကောင်းချီးနဲ့အတူ သူကြီးပြင်းလာခဲ့တယ်။

### မေးခွန်းများ

၁) ယေရှုဟာ ဘယ်မြို့မှာ ကြီးပြင်းခဲ့သလဲ?

၂) မာရိနဲ့ယောသပ်ဟာ ပသခါပွဲမှာပါဝင်ဖို့ ဘယ်ကိုသွားခဲ့ကြသလဲ?

၃) ပွဲတော်ပြီးနောက်၊ ယေရှုဟာ သူ့သူငယ်ချင်း၊ ဆွေမျိုးတွေနဲ့အတူရှိမနေကြောင်း မာရိနဲ့ယောသပ်တို့ဟာ ဘယ်လောက်ကြာမှ သတိထားမိကြသလဲ?

၄) မာရိနဲ့ယောသပ်တို့ဟာ ယေရှုကို ဘယ်နေရာမှာ ပြန်တွေ့ကြသလဲ?

၅) ဗိမာန်တော်ထဲမှာ ယေရှုဘာလုပ်နေသလဲ?

၆) ဘာ့ကြောင့် ယေရှုဟာ ဗိမာန်တော်ထဲမှာ ရှိနေခဲ့တာလဲ?

### အဖြေများ

၁) ယေရှုဟာ နာဇရက်မြို့မှာ ကြီးပြင်းလာခဲ့ပါတယ်။

၂) မာရိနဲ့ယောသပ်ဟာ ပသခါပွဲမှာပါဝင်ဖို့ ယေရုရှလင်မြို့ကို သွားခဲ့ကြပါတယ်။

၃) ပွဲတော်ပြီးနောက်၊ လမ်းခရီးတစ်ရက်ကြာမှ ယေရှုဟာ သူ့သူငယ်ချင်း၊ ဆွေမျိုးတွေနဲ့အတူရှိမနေကြောင်း မာရိနဲ့ယောသပ်တို့ဟာ သတိထားမိကြပါတယ်။

၄) မာရိနဲ့ယောသပ်ဟာ ယေရုရှလင်မြို့ကိုပြန်ပြီး၊ ဗိမာန်တော်ထဲမှာ ယေရှုကိုပြန်ရှာတွေ့ကြပါတယ်။

၅) ယေရှုဟာ ဗိမာန်တော်ထဲမှာ ဆရာတွေပြောတာကို နားထောင်ပြီး၊ သူတို့ကို မေးခွန်းပြန်မေးနေပါတယ်။

၆) ယေရှုက သူ့အဖရဲ့အိမ်တော်ထဲမှာ သူရှိနေတာဖြစ်တယ်လို့ ပြောခဲ့တယ်။

### ရှင်လုကာ ၂

